(၈) ဟီနယာန ဖြာထွက်ခြင်း (အေဒီ ၅ ရာစု)

ဟီနယာန ဗုဒ္ဓဘာသာသည် အေဒီ ၅ ရာစုနှင့် ၇ ရာစုကြားတွင် အိန္ဒိယအရှေ့ပိုင်းမှ ပေါ်ပေါက်လာခဲ့ပေသည်။ ၎င်းအား တခါတရံတွင် မဟာယာန၏ ဂိုဏ်းကွဲဟု သတ်မှတ်၍ တခါတရံတွင် ဗုဒ္ဓဘာသာ၏ တတိယမြောက် အဓိ စကြာဟု သတ်မှတ်ပေသည်။ (ယာန၏ အနက်မှာ (ဘီး) စကြာ စုဖြစ်သည်)။ ဟီနယာနသည် မဟာယာနမှ ဖြန့်ထွက်လာသည် ဖြစ်သောကြောင့် စိတ်ကူးများကို အသုံးပြုခြင်းနှင့် ယောဂ အကျင့်များအပါအဝင် ထပ်ပေါင်း မွန်းမံသော ကျွမ်းကျင်စွာ ဖွင့်ဆိုချက်မှအပ အခြားသော အတွေးအခေါ်သစ်များကို ဆည်းကပ်ခြင်း မရှိချေ။ ဤ ယောက ဗုဒ္ဓဘာသာ၏ များစွာသော ကျင့်ကြံအားထုတ်မှုများမှာ ဟိန္ဒူယောဂီ ဂိုဏ်းနှင့် အယူပြွန်းလျှက်ရှိ ပေသည်။ ဤဂိုဏ်းအား **ရှင်ပတ်မသမ်ဘဝါ** ထူထောင်ခဲ့ခြင်း ဖြစ်ပေသည်။

အစောပိုင်း ဟီနယာန၏ ကျင့်ကြံသူများသည် နယ်စွန်နယ်ဖျား ဒေသခံများအတွင်း၌သာ ကျင်လည် သတင်းသုံး ခဲ့ရ၍ အေဒီ ၉ ရာစုတွင် မဟာယာနတို့၏ အဓိပပင်မဖြစ်သည့် နာလန်ဒါ နှင့် ဝိခမရှီလ တို့ကဲ့သို့ တက္ကသိုလ်ကြီး များအား ဆက်ခံခွင့် ရရှိခဲ့ပေသည်။ မူဆလင်များ ဝင်ရောက်လာသော အေဒီ ၁၂ ရာစုတွင် အခြား များစွာ သော ဗုဒ္ဓဘာသာဂိုဏ်းများနှင့်အတူ ဟီနယာနသည်လည်း မှေးမှိန်ပျောက်ကွယ် သွားခဲ့ရပေသည်။ ၎င်းသည် တိဘက်သို့လည်း ပြန့်နှံ့ခဲ့ပြီး အေဒီ ၇ ရာစုမှ ၁၂ ရာစုထိ ပြောင်မြောက်သော ကူးဆက်မှုများကို ပြုခဲ့၍ ယနေ့ ထိတိုင် ဗုဒ္ဓဘာသာကြီးစိုးရာ ဒေသဖြစ်နေပေသည်။ ဂျပန်တွင်လည်း အတိုင်းအတာ တစ်ရပ်အခြေ တည်ခဲ့၍ ၎င်းမှ **ချင်ဇို** ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းလာခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com